# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

## ကျန်းမာရေးဝန်ကြီးဌာန

## အမိန့်အမှတ် ၈ /၂၀၂၆

၁၃၈၇ ခုနှစ်၊ တပေါင်းလဆန်း ၃ ရက်

(၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်)

ကျန်းမာရေးဝန်ကြီးဌာနသည် အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က) အရ ပြည်ထောင်စုအစိုးရအဖွဲ့က ၁၂ -၂ -၂၀၂၆ ရက်စွဲပါ အမိန့်အမှတ် ၂ / ၂၀၂၆ ဖြင့် အပ်နှင်းထားသော ဝန်ကြီးဌာနသို့ လုပ်ပိုင်ခွင့်ကိုကျင့်သုံး၍ အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေပုဒ်မ ၉ အရ အောက်ပါ အမိန့်ကို ထုတ်ပြန်လိုက်သည်။

### ကုန်စည်များအပေါ် တားမြစ်မိန့် ထုတ်ပြန်ခြင်း

၁။ အောက်ပါပစ္စည်းများကို အရေးကြီးကုန်စည်အဖြစ် သတ်မှတ်လိုက်သည်-

(က) အီလက်ထရောနစ်အငွေ့ရှူစက် (Electronic Smoking Device) ဖြစ်သည့် အီလက်ထရောနစ်စီးကရက် (Electronic Cigarette)၊ ယင်းအီလက်ထရောနစ်စီးကရက်ကဲ့သို့ အလားတူပစ္စည်းနှင့် ယင်းတို့၏ ဆက်စပ်ပစ္စည်းများ-

(၁) အငွေ့ရှူတံ(Mouthpiece)၊

(၂) ဓာတုဗေဒဆေးရည်(E-liquid)ထည့်သည့်ပစ္စည်းများ (Reservoir,Cartridge,Tank,Pod,.etc)၊

(၃) အငွေ့ထွက်စေသော အပူပေးကိရိယာ(Atomizer)၊

(၄) မိုက်ခရိုပရိုဆက်ဆာ(Microprocessor)၊

(၅) ဘက်ထရီ(Battery)၊

(၆) အားသွင်းစက်(Charger)၊

(၇) အားသွင်းကြိုး(Charging Cable)၊

(၈) နီကိုတင်းပါဝင်သော ဓာတုဗေဒဆေးရည် သို့မဟုတ် နီကိုတင်း မပါဝင်သော ဓာတုဗေဒဆေးရည်(အနံ့အရသာရှိပါကပူးတွဲလျက်)၊

(၉) အနံ့အရသာရှိသော ပစ္စည်းများ၊

(၁၀) ပစ္စည်းထည့်သည့် အိတ်(Carrying Case)၊

(၁၁) သန့်ရှင်းရေးပြုလုပ်သည့် ပစ္စည်း(Cleaning Tool)၊

(၁၂) အခြားဆက်စပ်ပစ္စည်း။

(ခ) အပူပေးအငွေ့ရှူစက် (Heated Smoking Device)၊ ယင်းအပူပေးအငွေ့ရှူစက်ကဲ့သို့ အလားတူပစ္စည်းနှင့် ယင်းတို့၏ ဆက်စပ်ပစ္စည်းများ-

(၁) အငွေ့ထွက်စေသည့် အရာဝတ္ထုအားအပူပေးရန် ထည့်သည့်ပစ္စည်း (Holder)၊

(၂) အငွေ့ထွက်စေသည့် အရာဝတ္ထုအား အပူပေးရန် ထည့်သည့်ပစ္စည်း(Holder) ၏အပြင်ခွံ(Casing)၊

(၃) ဘက်ထရီ(Battery)၊

(၄) မိုက်ခရိုပရိုဆက်ဆာ(Microprocessor)၊

(၅) အပူပေးဘလိတ်ပြား(Heating Blade)၊

(၆) အပူပေးကွိုင်(Heating Coil)၊

(၇) အပူပေးအိုး(Heating Oven)၊

(၈) ဓာတုဗေဒဆေးရည်(E-liquid)(အနံ့အရသာရှိပါကပူးတွဲလျက်)၊

(၉) အနံ့အရသာရှိသောပစ္စည်းများ၊

(၁၀) ပစ္စည်းထည့်သည့်အိတ်(Carrying Case)၊

(၁၁) သန့်ရှင်းရေးပြုလုပ်သည့်ပစ္စည်း(Cleaning Tool)၊

(၁၂) အားသွင်းစက်(Charger)၊

(၁၃) အားသွင်းကြိုး(Charging Cable)၊

(၁၄) အခြားဆက်စပ်ပစ္စည်း။

(ဂ) အီလက်ထရောနစ်အငွေ့ရှူစက် (Electronic Smoking Device) ဖြစ်သည့် အီလက်ထရောနစ်ရှီရှား(Electronic Shisha) ၊ ယင်းအီလက်ထရောနစ်ရှီရှားကဲ့သို့ အလားတူပစ္စည်းနှင့် ယင်းတို့၏ ဆက်စပ်ပစ္စည်းများ-

(၁) အငွေ့ရှူတံ(Mouthpiece)၊

(၂) အငွေ့ရှူပိုက်(Hose)၊

(၃) အငွေ့ဖြတ်သွားရန် ရေ သို့မဟုတ် အခြားအရည်တစ်မျိုးမျိုးထည့်သည့်အိုး (Vase)၊

(၄) လေလုံစေရန် အသုံးပြုရသည့် ရော်ဘာ သို့မဟုတ် ဆီလီကွန် သို့မဟုတ် ပလတ်စတစ်ဖြင့် ပြုလုပ်ထားသည့်ပစ္စည်း(Grommet)၊

(၅) ဓာတုဗေဒဆေးရည်(E-liquid)ထည့်သည့်ပစ္စည်း(Reservoir,Cartridge,Tank, Pod,.etc)၊

(၆) နီကိုတင်းပါဝင်သော ဓာတုဗေဒဆေးရည် သို့မဟုတ် နီကိုတင်းမပါဝင်သော ဓာတုဗေဒဆေးရည်(E-liquid) ၊ သကာရည်(Molasses)နှင့် အခြားအရည်များ (အနံ့အရသာရှိပါကပူးတွဲလျက်)၊

(၇) အနံ့အရသာရှိသော ပစ္စည်းများ၊

(၈) အငွေ့ထွက်စေသော အပူပေးကိရိယာ(Atomizer)၊

(၉) မိုက်ခရိုပရိုဆက်ဆာ(Microprocessor) သို့မဟုတ် ကွန်ပျူတာ(Computer)၊

(၁၀) အငွေ့စီးဆင်းမှုအာရုံခံကိရိယာ(Flow Sensor)၊

(၁၁) ဘက်ထရီ(Battery)၊

(၁၂) အားသွင်းစက်(Charger)၊

(၁၃) အားသွင်းကြိုး(Charging Cable)၊

(၁၄) ပစ္စည်းထည့်သည့်အိတ်(Carrying Case)၊

(၁၅) သန့်ရှင်းရေးပြုလုပ်သည့်ပစ္စည်း(Cleaning Tool)၊

(၁၆) အခြားဆက်စပ်ပစ္စည်း။

၂။ မည်သူမဆို အပိုဒ် ၁ ပါ သတ်မှတ်ထားသည့် ကုန်စည်များကို တင်သွင်းခြင်း၊ တင်ပို့ခြင်း၊ ရောင်းဝယ်ခြင်း၊ လက်ဝယ်ထားရှိခြင်း၊ သိုလှောင်ခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ အသုံးပြုခြင်း သို့မဟုတ် စားသုံးခြင်းပြုပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှု ဥပဒေအရ အရေးယူခြင်းခံရမည်။

ဒေါက်တာသက်နိုင်ဝင်း
ပြည်ထောင်စုဝန်ကြီး

စာအမှတ်၊ ၂၀ မခ (လ) ၂၀၂၆/၂၄၉၇
ရက်စွဲ ၊ ၂၀၂၆ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၈ ရက်

**ဖြန့်ဝေခြင်း**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ ယာယီသမ္မတရုံး
ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး
နိုင်ငံတော်ဝန်ကြီးချုပ်ရုံး
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ အမှုဆောင်ချုပ်ရုံး
အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီရုံး
ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး

ပြည်ထောင်စုဝန်ကြီးဌာနအားလုံး

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး

ပြည်ထောင်စုရာထူးဝန်အဖွဲ့

နေပြည်တော်ကောင်စီ

တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့အားလုံး

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ရုံး

မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး

နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

ညွှန်ကြားရေးမှူးချုပ်
ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန
(မြန်မာနိုင်ငံပြန်တမ်းအပိုင်း(၁)တွင်ထည့်သွင်းကြေညာပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။)

ညွှန်ကြားရေးမှူးချုပ်၊ ကုန်သွယ်ရေးဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ စားသုံးသူရေးရာဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မူပိုင်ခွင့်ဦးစီးဌာန

ညွှန်ကြားရေးမှူးချုပ်၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့

ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအားလုံး

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်/တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီး ဌာနမှူးအားလုံး

ဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း (ညီနောင်အသင်းများထံ ထပ်မံဖြန့်ဝေပေးပါရန် မေတ္တာရပ်ခံချက်ဖြင့် ပေးပို့ပါသည်။)

အမိန့်အရ

ဒေါက်တာမြတ်ဝဏ္ဏစိုး
ညွှန်ကြားရေးမှူးချုပ်